ミャンマー語

၂၀၂၆ခုနှစ် ဇူလပိုင်း ၁ရက်နေ့ စတင်လက်ခံမည်။

# နိုင်ငံခြားသား ၅ ဦးနှင့်အထက်၏ နိုင်ငံခြားမှ ပြောင်းရွှေ့ဝင်ရောက်နေထိုင်မှု ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ရန်အတွက် ကြိုတင်၍ ရက်ချိန်း လျှောက်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

နိုင်ငံခြားသား ၅ ဦးနှင့်အထက်သည် Utsunomiya မြို့သို့ 「နိုင်ငံခြားမှပြောင်းရွှေ့ဝင်ရောက်နေထိုင်ခြင်း」 လုပ်ထုံးလုပ်နည်းကို ဆောင်ရွက်မည်ဆိုပါက၊ ကြိုတင်၍ WEB ရှိ 「နိုင်ငံခြားသားအဖွဲ့လိုက် နိုင်ငံခြားမှ ပြောင်းရွှေ့ဝင်ရောက်ခြင်း ကြိုတင်ရက်ချိန်းဖောင်」 မှတစ်ဆင့် ရက်ချိန်းယူပေးပါ။

ရက်ချိန်းယူရန်အတွက် လာရောက်မည့်ရက်မတိုင်မီ အလုပ်ဖွင့်ရက် ၄ ရက် အလိုအထိ အောက်တွင်ဖော်ပြထားသော QR Codeမှတစ်ဆင့် ကြိုတင်လျှောက်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(နောက်ဘက်စာမျက်နှာရှိ လမ်းညွှန်ချက်များကိုလည်း ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

သတိ ကြိုတင်ရက်ချိန်းယူထားသူများကို ဦးစားပေး၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်သောကြောင့် ရက်ချိန်းမယူထားပါက ကောင်တာတွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရနိုင်ပါသည်။

← ရက်ချိန်းယူရန်ဤနေရာမှတစ်ဆင့် ဆောင်ရွက်ပါ။




【ဆက်သွယ်ရန်】
1-1-5 Asahi, Utsunomiya
Utsunomiyaမြို့တော်ရုံး ၁လွှာ နိုင်ငံသားရေးရာဌာန၊ နေထိုင်သူများဆိုင်ရာအဖွဲ့
TEL：028-632-2271

လမ်းညွှန်ချက်

# 【ရက်ချိန်းယူနိုင်သောနေ့】

**●နေ့ရက် : တနင်္လာနေ့မှ သောကြာနေ့**

(တနင်္လာနေ့ကဲ့သို့ ရုံးပိတ်ရက်ပြီးနောက်တစ်ရက်တွင် ကောင်တာ၌ လူများပြားတတ်ပါသည်။)

**●အချိန် : မနက်၉နာရီမှ ညနေ ၄နာရီအထိ**

(မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း ရက်ချိန်းယူ၍ မရနိုင်ပါ။)

**●ကောင်တာ : လက်ခံဆောင်ရွက်ပေးသည့်နေရာမှာ Utsunomiyaမြို့တော်ရုံး နိုင်ငံသားရေးရာဌာန တစ်နေရာတည်းသာ ဖြစ်ပါသည်။**

(ဒေသခံပြည်သူ့ဝန်ဆောင်မှုစင်တာများနှင့် ရုံးခွဲများတွင် လက်ခံ ဆောင်ရွက်ပေးမည် မဟုတ်ပါ။)

# 【သတိပြုရန်အချက်】

・ရုံးသို့လာရောက်သည့်အခါ နေထိုင်ခွင့်ကတ်နှင့် Passportကို ယူဆောင်လာပေးပါ။

(နိုင်ငံအတွင်း ဝင်ရောက်လာသည့်ရက်ကို ဖော်ပြထားသော တံဆိပ်တုံးမပါရှိပါက၊ နိုင်ငံအတွင်းဝင်ရောက်လာကြောင်း အတည်ပြုနိုင်သည့် လေယာဉ်လက်မှတ် စသည်တို့ကို ယူဆောင်လာပေးပါ။)

・ရုံးသို့လာရောက်သူသည် ကိုယ်စားလှယ်ဖြစ်ပါက၊ ကိုယ်စားလှယ်၏ ကိုယ်ရေးအချက်အလက်အတည်ပြုနိုင်သည့်စာရွက်စာတမ်း နှင့် ကိုယ်တိုင်ရေးသားထားသောကိုယ်စားလှယ်လွှဲစာကိုလည်းအတူတကွယူဆောင်လာပေးပါ။

・ရုံးသို့ရောက်ရှိလာသည့်အခါ လက်မှတ်နံပါတ်ထုတ်ပေးသည့်စက်တွင်「အဖွဲ့လိုက်လက်ခံခြင်း (ကြိုတင်ရက်ချိန်းယူထားပြီး) 団体受付（予約済）」 မီနူးကို ရွေးချယ်ပြီး နံပါတ်ယူဆောင်ပါ။